


ရာဇာသွန်းလစ်ဦး
ဝတ္ထု၊ ဇာတ်ညွှန်း၊ သရုပ်ဖော်
မြိုင်ရာဇာ
ကျွန်ုပ် နှင့်
နှင်းလူကလဲ့စား

# အခန်း ‹၁› ငါးစာ




ကျွန်ုပ်၏
သက်တမ်းတစ်လျှောက်တွင်
သတ္တပေါင်းစုံ သားကောင်
ပေါင်းစုံနှင့်ကြုံတွေ့ရင်ဆိုင်
ခဲ့ရသဖြင့်... ထူးဆန်းခြင်း
ထိန့်လန့်ခြင်း စသည့်
ရသများခံစားခဲ့ရဖူးပေသည်...။
သို့သော် ယခုပေါ်ပြူလတ္တံ့သော
ဖြစ်ရပ်နှင့် ယှဉ်ရိုက်သောအခါ
တွေ့ကြုံမှုကား ပြီးခဲ့သောတွေ့ကြုံ
မှုများသည် ပြောပလောက်ဖွယ်မရှိ
ပါတကားဟု ယူဆရမည်ကဲ့သို့
ရှိချေ၏။ကြောင်းမူ...
တစ်သက်နှင့်တကိုယ်ထပ်မံ
ကြုံကြိုက်ဖွယ်မရှိသောတွေ့ကြုံ
တစ်ရပ်ဖြစ်သောကြောင့်တည်း...


ဟာ ဘူကြီးဘာစိတိုပါလား
ကြွကြပါ...ကြွကြပါ...
ဘူကြီး ဘာစိ၏ စကားကြောင့် ပါလာသော ဧည့်သည်ဆိုသူအား ..ကျွန်ုပ်ကြည့်လိုက်မိ၏ ။ ဥပဓိရုပ်ခန့်ထည်ပြီး။ ဝတ်စားဆင်ယင်မှုအရ မြို့သားကြေးရတတ်တစ်ဦးမှန်း အကဲခတ်လိုက်မိ၏..။
ဆရာတွတ်ကို.. တွေ့ပါမလားလို့ဗျာ.. အမဲပစ်များထွက်သွားပြီလား.. လို့ စိတ်ထင့်ထင့်နဲ့ဟောဒီက ဧည့်သည်ကြီးက.. တွေ့ချင်တယ် ဆိုလို့ခေါ်လာခဲ့တာပါ။


ဆရာတွတ်ကိုမိတ်ဆက်ပေးရဦးမယ် ဟောဒီကပုဂ္ဂိုလ်ကြီးက ရန်ကုန်က
အဝယ်တော်ကြီး.. ဦးပန်ကာ တဲ့ ဆရာတွတ် နဲ့ စီးပွားရေးကိစ္စ
တစ်ခုလုပ်ချင်လို့ဆိုလို့.. ခေါ်လာခဲ့တာပဲ.. ဗျ..
ဘယ်လို..
စီးပွားရေးကိစ္စမျိုး
ပါလိမ့်..
ဦးပန်ကာသည် စကားကိုဆက်မဆိုသေးပေ
ဆရာတွတ်ပီ..
အမဲကောင် စုံအောင်
ပစ်ဖူးရဲ့လား..
၄


ဤမေးခွန်းသည် ကျွန်ုပ်၏ သိက္ခာတရားကို ထိပါးသရောင်ရှိသော မေးခွန်းဖြစ်ရာ ကျွန်ုပ်မျက်နှာ.. တင်းခနဲဖြစ်သွားသလို.. ဗိုက်ကလေးကလည်း..
ဒါဒါ... ကျုပ်ဆရာကို... ခော်ကားတာဗျ... ဟွန်း
ဗိုက်ကလေး ကလည်း ကျွန်ုပ် နည်းတူခံစားရပုံရ၏ ကျွန်ုပ်ကဲ့သို့နိုင်ကျော် မြိုင်ရာဇာတွတ်ပီဟူသော မှဆိုးကြီးကသာ.. သည်းခံ နိုင်ပေမယ့်တပည့်ကျော် ဗိုက်ကလေးကမူ.. သည်းခံ မသည်မဟုတ်.. ။ ဦးပန်ကာ က ကပျာကယာတောင်းပန် ၏.. ။
အိုး..ဟိုး..ဟိုး.. ဒီလို မဟုတ်ရပေါင်ဗျာ..ကျွန်တော်မေး တာက..ရိုးရိုးပါ.. စကားဆုံးရင်ဆရာတို့သဘောပေါက်ကြပါ လိမ့်မယ်ဗျာ.. ဟုတ်ပြီလား..
ကျွန်ုပ်လည်း.. ထိုလူ၏ပြောကိုမနှစ်သက်လှသော်လည်း အိမ်ရှင်နှင့်ဧည့်သည်မို့စိတ်ကိုချိုးနှိမ်ကာ
မြန်မာပြည်မှာ..ကျွန်ုပ် မပစ်ဖူးတဲ့ သားကောင်ဆိုတာ မရှိဘူးဆိုတာ.. မှတ်ထားလိုက်ပါ ဦးပန်ကာ အဲ့ ချင်းချက်တော့ ရှိသပေါ့ဗျာ..


ပုတ်သင်ညိုတို့ ကင်းလိပ်ချောတို့တော့ မုဆိုးရင့်မကြီး တစ်ယောက်အနေနဲ့.. မပစ်ခဲ့ဘူး ပေါ့လေ..
ဒို့ဆရာတွတ်ကလဲ ဆရာတွတ်.. ကလေးဘဝကပစ်ခဲ့ဖူး တာပဲဗျာ.. ပြောပြလိုက်စမ်းပါ..
မပြောက်ပလောက်ပါဘူး တပည့်ရာ.. ငယ်ငယ်က..ဓာ တစ်နေ့အကောင်တရာ.. တို့.. ကင်းလိပ်ချောတို့..ပုတ်သင်ညိုတို့.. တစ်နေ့အကောင်၅၀ဓိတို့ဆိုတာ.. ဓကားထဲ..ထည့်ပြောစရာ.. မလိုတော့ပါဘူး..
ဟုတ်ကဲ့ ဆရာတွတ်ပီပြောတာ.. ကျွန်တော်သဘော ပေါက်ပါတယ်..ဒါပေမယ့် ကျွန်တော်မေးတဲ့မေးခွန်းကို ဆရာတွတ် သဘောမပေါက်သေးဘူးခင်ဗျ..
ဆိုစမ်းပါဦး ကျွန်ုပ် ဘာ သဘောမပေါက်တာလဲ..


ဒီလိုခင်ဗျာ ဥပမာ..သိုးပြာ ဆိုပါတော့..
ဘာရယ်ဗျ သိုးပြာ.. သိုးမည်း.. သိုးဖြူသာကြားဖူး ပါသဗျာ.. သိုးပြာရယ်..လို့ ကြားတောင်မကြားဖူးဘူး..
ဟဲဟဲ ဟာကွ ဦးပန်ကာ ပြောတဲ့ သိုးက မဲနယ်ကန်ထဲ လိမ့်ကျထားတဲ့ သိုးပဲဖြစ်ရာမယ်ဆရာတွတ် ဟားဟားဟား
သူကြီးဘစိကလည်း ပြုံးစိစိဖြင့်..
ဟုတ်တယ်ဗျ ကျုပ်တစ်သက်တော့ သိုးပြာဆိုတာခုမှပဲ ကြားဖူးတယ်.. ဟဲ..
ဗျာ ဟိမဝန္တာ သိုးပြာ ဟုတ်လား..
ဒါပေါ့ဗျာ.. မြန်မာပြည်မှာ သိုးဖြူတို့ သိုးမည်းတို့ပဲ..ရှိတာကိုး ဟိမဝန္တာမှာ ဘာရာ လို့ခေါ်တဲ့ သိုးပြာကျတော့ ဆရာတွတ်ပီတို့ ဘယ်မြင်ဘူး ပစ်ဖူးပုံ့မလဲ ရှေးခြားမြေခြားကိုးဗျ..
၁၀


ကျွန်ုပ်တို့ကား.. ပါးစပ်အဟောင်းသားဖြစ်သွားရချေတော့၏ ။ ဦးပန်ကာက.. ကျေနပ်စွာပြုံးရင်း စကားဆက်၏..။
သိုးပြာတင်မဟုတ်ဘူး အမြူရောင်မှာ အနက်စက် ရေးရေးသာရှိတဲ့ နင်းကျားသစ်တို့ အနက်ရောင် အမွေးရှည်နွားတို့ ထူးဆန်းတဲ့ လူ့ဘီလူးတို့တွေရှိတဲ့ နေရာပေါ့...။
ဟုတ်ပါပြီလေထားပါတော့ ဒါနှင့်ဦးပန်ကာကဘာကိုဆိုလိုချင်တာလဲ ကျွန်ုပ်နားမလည်ဘူး..
ထိုစဉ်မသေးမျှင်သည်.. ရေနွေးကျမ်း.. ဆတ်သားခြောက်ဖုတ်ဆီဆမ်းပန်းကန်တို့ဖြင့်စကားဝိုင်းတို့ ဝင်လာချေ၏..။
အင်း မသေးမျှင် မသေးမျှင်.. ငွေရမယ့်ညှော်သည်ဆို.. ဆတ်သားခြောက်ပါ..ထည့် ညှော်ခံတက်တဲ့ အကျင့်ပါနေမှကိုး..
သုံးဆောင်ကြပါဦး ဟဲ...
၁၁


ဦးလိုပါဆရာတွတ်ပီ.. မြန်မာပြည်ကသားကောင်တွေထက်ပိုပြီးငွေပိုရမယ် သားကောင်မျိုးမပစ်ချင်ဘူးလား လို့.. မေးချင်တာပါ..
ကျွန်ုပ်ရှုတ်တရက် အဖြေမပေးနိုင်မီ.. ငွေဟူသောစကား သံကြောင့် မသေးမျှင်က လျှပ်တစ်ပြက် ဖြေလိုက်ပေ၏...။
အို ကိုကိုတွတ်က ဒါမျိုးသိပ်ပေါက်တွေတာပေါ့တော် ထူးဆန်းတဲ့သားကောင်လည်းတွေ့ရ အတွေ့ကြုံသစ်လည်းရ ငွေလည်းသောက်သောက်လဲရလို့ကတော့ ဟုတ်တာယ်နော်.. ကိုကို တွတ်.. အဟင်း..အဟင်း..အဟင်း..
မသေးမျှင်ရဲ့ငွေစကားပြောခြင်းက ကျွန်ုပ်၏နှုတ်ကိုပိတ် ခြေလက်တို့ကိုကြိုးချည်ကာ ကျားတော်ရှေ့သို့ပစ်ချသည်နှင့် ထပ်တူထပ်မျှပေတည်း..။
ဘာပြောချင်လဲ ကတွတ်ပီ..ပလွတ်..
မမျှင်တော့ စကား ကောင်းနေပြီ ကံမကောင်းခြင်း နိဒါန်း စတော့မယ် ထင်တယ် ဘုရား.. ဘုရား


ဒီလိုသားကောင်မျိုး ကျွန်ုပ်လိုက်ပစ်ဖို့ဆိုတာ လွယ်ပုံမလားတောကျွမ်းဖို့ အဓိကကျတယ်နော်။။
ဆရာတွက် ပြောတာ ဟုတ်တယ်ဗျ ခေါခေါက ဦးပန်းကာပြောတဲ့ထဲမှာ ကြောက်စရာ တစ်ခုလည်းပါသေးတယ် ဟို ဘာလဲ ထူးဆန်းတဲ့လူ့ဘီလူးဆိုတာ
လူ့ဘီလူးဆိုတာ။။ ကြောက်စရာမဟုတ်ပါဘူးဗျာ။။ အရပ်ရှည်ရှည် ဗလကောင်းကောင်း လူမျိုးဆိုရင်။။ လူ့ဘီလူးလို့ခေါ်တဲ့ သဘောပါပဲ။။ မထူးဆန်းပါဘူးဗျာ ကူညီပါဦး။။
ကဲပါလေထားပါတော့ ပစ်ရမှာကဘယ်နေရာလဲဘယ်လို အကျိုးရှိမလဲ ရှင်းပြပါဦး
ကျွန်ုပ်သည်မိမိအား။။ အားကိုးတကြီးနှင့် အကူအညီ တောင်းသူကိုလောဘ်လောဘမရ သည့်တိုင်ငြင်းပယ်ရိုးထုံးစံ မရှိခဲ့သော့မုဆိုးကောင်းပြီပြီ မေးရချေ၏။။
သူ၏လိုအင်ကိုကျွန်ုပ် ဖြည့်ဆည်းပေးမည်ကိုသိရှိသွား ပြီမို့ဦးပန်းကာမျက်လုံး များကဝင်းပတောက်ပြောင် လာ၏



ကျေးဇူးတင်လိုက်တာ ဆရာတွတ်ပီဟိုမှာရမယ်.. သားကောင်အထူးအဆန်းကိုများ.. သတ်မှတ်ပေးတဲ့ဈေးထက် ပိုပေးပါမယ်.. နောက်ပြီးကျွန်တော်တို့နှင့်လိုက်ခဲ့တဲ့ အတွက်အသွားအပြန်စရိတ် ခံမယ့်အပြင်..
လိုက်ပါခအဖြစ် ငွေ ငါးသောင်း သတ်သတ်ပေးပါမယ်..
အို ငွေ ငါးသောင်းကြီးများတောင်
ဟား
မသေမျှင်၏ ပါးစပ်ကား မိမရတော့ပြီတည်း..။
အင်း ငါးမျှားချိတ်က အစာကလည်းကြီးပဲ့
ဘယ်ကဦးပါ့မလဲ ဆရာကတော်ရယ် ကျွန်တော်တို့လိုချင်တဲ့သတ္တဝါကြီးသာ အရှင်ဖမ်းပေးနိုင်ခဲ့ရင် ငါးသောင်းထပ်ပေးဦးမှာပါ..ဟဲ..ဟဲ..
အိုး..မပူပါနဲ့..ဆင်ကျားတွေတောင်လက်ရဖမ်းခဲ့တဲ့ကိုကိုတွတ်ပါ ဟတ်တယ်နော်ကိုကိုတွတ်..ဟင်း..ဟင်း
၁၄


ခုခုပေါင်း..တစ်သိန်းကောင်..ကိုကိုတွက်ရေ..တော်လဲအသက်ကြီးပြီ..ခုတပွဲကြီးစား လိုက်ရင်..တော်ကောင်းကောင်းအနားယူလို့ရပြီ..သိလား..ဟီး..ဟီး
ပြောပြန်ပြီ
ဤတွင်သူကြီးဘာစိကလည်း..သူ့အတွက်ဝေစုပန်တော့၏..။
ကျုပ်ခေါ်လာတာ နောက်ကျုပ်အတွက်လည်းပွဲခ လေးမမေ့ကြနဲ့ဦး ဟီး..ဟီး
စိတ်ချပါသူကြီးရယ်..သေးမျှင်တို့ကကပ်စေးနဲ့တွေ မဟုတ်ပါဘူးတော်..ဟင်း..ဟင်း..
ဟဲဟဲ ယုံပါတယ်ဗျာ..ယုံပါတယ်
ဒါနဲ့ကျွန်ုပ်တို့..ဘယ်ကို သွားရမယ်ဆိုတာ မသိရသေးဘူး နောက်ဦးပန်ကာ..။
၁၅


ဪ... သိရပါတယ် သိရပါတယ် ကျွန်တော်တို့ သွားရမှာကနီပေါနိုင်ငံ နိုယ်ဝိုပြည်နယ်ပါပဲ..
ဟာ နိုင်ငံရပ်ခြားကြီးပါလား..ကျွန်ပ်က..ရန်ကုန်နဲ့ မန္တလေးပဲရောက်ဖူးတာ..ခုဟာက..ကိုယ်ဘာသာ..ကိုယ် လူမျိုးလည်းမဟုတ်..ဘာသာစကားကလည်းမတတ်နဲ့ ဖြစ်ပါ့မလားဗျာ..
မပူနဲ့ဆရာတွတ်ပီ ဒေသခံပါမယ် စကားပြန်ပါမယ်.. လက်နက်အစုံအလင်ပါမယ် လိုလေ သေးမရှိအောင်စီစဉ်ထားပါတယ်
အဟမ်း အဟမ်း
အင်းလေ ဒါပေမယ် ကျွန်ပ်တပည့်ကလေးဗိုက်ကလေးပါ ခေါ်သွားမှ ဖြစ်မယ်နော် ကျွန်ပ်တပည့်က အရာရာ အားကိုးရတယ်


ဦးပန်ကာသည် ဖိုက်ကလေးကို..ခေတ္တမျှ အကဲခတ်ပြီးသကာလ..
အင်း..ကျွန်တော်တို့သတ်မှတ်တဲ့အထဲမှာတော့ သူမပါဘူးဗျ.. ဒါပေမယ့်ကျွန်တော်တို့အဖွဲ့ခေါင်းဆောင်ကို ရအောင်ပြောကြည့်ပါ့မယ်.. ဒါနဲ့ သူတွက် အခကြေးတော့ ပေးဖို့တာဝန်မယူဘူးဆိုတာ.. ခုကတည်းက ပြောပါရစေဗျာ..
နေပါစေ အတွက် ကျွန်တော် မလိုက် တော့ဘူး..
အိုးမဟုတ်တာ..နင့်ဆရာပါမှတော့ နင်ပါလိုက်မှဖြစ်မှပေါ့ဖိုက်ကလေးရယ်
အေးပေါ့ဗျာ..ဖိုက်ကလေးအကြောင်းမသိလို့ ပစ်ပယ်ချင်တဲ့သူတွေတသသ ဖြစ်သွားအောင် လုပ်ပြလိုက်ရတာပေါ့..ဟွန်း
ဖိုက်ကလေးကား ဤခရီးကိုစကတည်းက မကျေနပ်ခဲ့သတည်း..

## အခန်း ‹၂› ငွေကျခြင်း




ပန်ကာအစီအစဉ်အတိုင်း
ကျွန်ုပ်နှင့်ဗိုက်ကလေးသည်
ရန်ကုန်သို့ဦးစွာလိုက်ပါရ
မည်ဖြစ်ချေ၏..။
ကျွန်ုပ်တို့လိုက်ပါသည့်
အထွက်ငါးသောင်းကျပ်
ရမည့်အထဲမှ စရန်ငွေအဖြစ်
တစ်သောင်းကို..မသေးမျှင်
အားပေးခဲ့သဖြင့် ပေါ်မပြနိုင်
အောင်ပင် မသေးမျှင်မှာ..
ဝမ်းသာနေရှာ၏..။
ကိုကိုတွက် လမ်းမှာသုံးဖို့ ငွေယူသွားဦးလေ
နေပါစေ ဆရာကတော်
ဆရာတွက်ပြီတို့အတွက် ကျွန်တော်တို့
အားလုံးတာဝန်ယူမှာ ပါ..


ကျွန်ုပ် အဝတ်အစားတွေ ပြည့်ပြည့်စုံစုံ ထည့်ပါ.. မဘေးမျှင်..
ဟုတ်ကဲ့ ရှင်
ဟာ ဆရာတွတ်ပီ.. ခုဝတ်တဲ့အဝတ်မျိုးဟိုမှာ ဝတ်လို့မဖြစ်ဘူး..ရန်ကုန် ကျမှဝယ်ရမှာခင်ဗျ..
နိုင်ငံကျော် မုဆိုးကြီး မြိုင်ရာဇာတွတ်ပီဟူ၍ နာမည်တလုံးနှင့် မည်သူတွေအတုအပမြူမြူ တွတ်ပီဒိုင်းကိုအများသိကြပြီး ဖြစ်ရာ.. မိမိမူပိုင်ကို ပစ်ပယ်ရမည့်ရေးကို တွန့်ဆုတ်နေမိ သည်မှာ.. အမှန်ပင်..။
၁၉
ကျွန်ုပ်က..ဒီ အဝတ်အစားမဝတ်ရဘူး.. ဟုတ်လား..ဘယ်..ဘယ်လို.. ဝတ်ရဦးမှာလဲ..